## အကျင့်ပျက်ရဟန်းများကို အရေးယူရန်ကိစ္စ။
## ညွှန်ကြားလွှာအမှတ် (၂၄)
## (-၇၊ ၂၊ ၄၃)
## (၂၄၊ ၆၊ ၈၁)

၁။ အရက်ကို တစ်ခါတစ်ရံသောက်သော ရဟန်းသာမဏေများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်က တင်ပြလာပါက မြို့နယ်သံဃနာယကအဖွဲ့အသီးသီးက ဆုံးမသြဝါဒပေး၍ သက်ဆိုင်ရာ ဆရာသမားထံ အပ်နှံပေးကြရမည်။

၂။ ပထမအကြိမ် ဆုံးမသြဝါဒပေး၍ သက်ဆိုင်ရာဆရာသမားထံအပ်နှံပြီးသော်လည်း ထပ်မံသောက် သော ရဟန်းသာမဏေများကို တွေ့ရှိလျှင် သက်ဆိုင်ရာ ရပ်/ ကျေး၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ ဆောင်ရွက်ခွင့် အတိုင်းဆောင်ရွက်သည်ကို လိုက်နာကြရန်ဖြစ်သည်။

၃။ ဖဲဝိုင်း၊ တစ်ချပ်မှောက်ဝိုင်း၊ လေးကောင်ဂျင်ဝိုင်း၊ မာကျောက်ဝိုင်းစသည်ဖြင့် လောင်းကစားမှုများကို မိမိကိုယ်တိုင်ပါဝင်ကစားခြင်းမပြုဘဲ ရပ်ကြည့်မိသော ရဟန်းသာမဏေများကို မြို့နယ်သံဃနာယက အဖွဲ့သို့ အပ်နှံလာပါက အဆုံးအမသြဝါဒပေး၍ သက်ဆိုင်ရာဆရာသမားထံအပ်နှံပေးကြရမည်။

၄။ လောင်းကစားမှုများကို ပါဝင်ကစားသော်လည်း သက်သေမခိုင်လုံ၍ သက်ဆိုင်ရာ အရပ်ဘက် တရားရုံးများက အပြစ်ပေးခြင်းမခံရသည့် ရဟန်းသာမဏေများကိုလည်း အထက်ဖော်ပြပါ အပိုဒ် ၃-အရ ဆောင်ရွက်ကြရမည်။

၅။ လောင်းကစားမှုများကို ပါဝင်ကစားသည့်အတွက် သက်သေခိုင်လုံ၍ အပြစ်ပေးခြင်းခံရသော ရဟန်းသာမဏေများကိုလည်း အထက်ဖော်ပြပါအပိုဒ် ၂-အရ ဆောင်ရွက်ကြရမည်။

**မှတ်ချက်**။ ။ ရွှေကျင်၊ မဟာဒွါရ၊ မူလဒွါရစသည်ဖြင့် ဂိုဏ်းဆိုင်ရာမှ ရဟန်းသာမဏေဖြစ်နေလျှင် အဆင့်တူသတ်မှတ်ထားသော သံဃနာယကအဆင့်ဆင့် ဆရာတော်များက ဆုံးမသြဝါဒပေးကြရန် ဖြစ်ပါသည်။

ဘဒ္ဒန္တရေဝတ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝဏ္ဏသိရီ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်